ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်
ကြေညာချက်အမှတ် ( ၃/ ၂၀၁၇)

**Saxon Capital Limited (SCL) ကုမ္ပဏီနှင့် ပတ်သက်၍ အများသိစေရန် ထပ်မံကြေညာချက်**

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ၂၉-၆-၂၀၁၇ ရက်နေ့တွင် Saxon Capital Limited (SCL) ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းစနစ်နှင့် Mobile Platform ကို အသုံးပြုလိမ်လည်မှုများနှင့် စပ်လျဉ်း၍ သတိပေးကြေညာချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထပ်မံရရှိလာသည့်သတင်းများအရ ယင်း Saxon Capital Limited (SCL) ကုမ္ပဏီမှ တာဝန်ရှိသူများသည် ရှောင်တိမ်းလျက်ရှိကြောင်း၊ ရန်ကုန်ရုံးချုပ်ကိုပိတ်ထားကြောင်း သိရသည့်အပြင် Saxon Capital Limited (SCL) နှင့် ဆက်စပ်သည့် i smart ဟူ၍ မော်လမြိုင်မြို့တွင် ထပ်မံလိမ်လည်ဆောင်ရွက်လျက် ရှိကြောင်းကြားသိရပါသည်။

၃။ အများပြည်သူများအနေဖြင့် အဆိုပါလုပ်ငန်း ဆောင်ရွက်နေခြင်းအား တွေ့ရှိလျှင်သော်လည်းကောင်း၊ မိမိအတွက် နစ်နာမှုတစ်စုံတစ်ရာရှိ၍ တိုင်ကြားလိုလျှင်သော်လည်းကောင်း အကျိုးအကြောင်းဖော်ပြ၍ အောက်ဖော်ပြပါ လိပ်စာ၊ဖုန်းနံပါတ်၊ Email တို့ ပါဝင်သည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားမှု အပေါ်မူတည်၍ အများပြည်သူအကျိုးစီးပွား ကာကွယ်ရန်အလို့ငှာ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေငြာအပ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
အမှတ်(၂၁-၂၅) ၊ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့်
မြန်မာ့စီးပွားရေးဘဏ်တိုင်းဒေသကြီးရုံး၊ ဒုတိယထပ်၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၃၇၀၁၀၀၊ ၀၁-၃၇၃၁၉၈ ၊၀၁-၃၇၃၉၅၉
Email: secm.myanmar@gmail.com

D/Policy/SO